# အသိပေးကြေညာချက် (၃/၂၀၂၅)

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်

၁။ ငလျင်ဒဏ်ကြောင့် အင်တာနက်ချိတ်ဆက်မှုစနစ် ကောင်းမွန်မှုမရှိသည့်ကာလတွင် ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပို့ကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်ကြေညာလွှာဖြင့် တိုက်ရိုက်ဆောင်ရွက်ခွင့်ပြု ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက် သည့်သတင်းလွှာ(၁/၂၀၂၅)ဖြင့် အသိပေးကြေညာထားပါသည်။

၂။ အဆိုပါသတင်းလွှာအရ ၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ ပို့ကုန်လုပ်ငန်းများကို ပုံမှန်လုပ်ငန်းစဉ် အတိုင်း Automatic Licensing နှင့် Non-Automatic Licensing စနစ်တို့ဖြင့် လျှောက်ထားရယူပြီးမှသာ ဆောင်ရွက်ရ မည်ဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် Myanmar Tradenet 2.0 စနစ်တွင် သတ်မှတ်ချက်များနှင့်အညီ ပို့ကုန် လိုင်စင်များကို ကြိုတင်လျှောက်ထားရယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန